**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**ကုန်သွယ်ရေးဦးစီးဌာန**

စာအမှတ် ၊ ကသရ(ဦး)နည်းပညာ / ၂၀၁၉-၂၀၂၀(၁၂၅၉)

ရက်စွဲ ၊ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၃၈ ရက်

အကြောင်းအရာ။ **အိတ်ဖွင့်တင်ဒါပေးသွင်းရန်ဖိတ်ခေါ်ခြင်း**

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နေပြည်တော် (ရုံးအမှတ်-၃) တွင် Covid-19 အရေးပေါ်ရန်ပုံငွေဖြင့် Thermal Camera (၅) လုံးအား ဝန်ကြီးဌာန၊ တင်ဒါကော်မတီဖြင့် အောက်ဖော်ပြပါ သတ်မှတ်စံချိန်စံညွှန်းနှင့် တင်ဒါစည်းကမ်းချက်များအတိုင်း ဈေးနှုန်းစိစစ်ရွေးချယ် ဝယ်ယူမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူ ကုမ္ပဏီ/ အရောင်းဆိုင်များအနေဖြင့် သတ်မှတ်ချက်များ နှင့်အညီ အောက်ဖော်ပြပါပစ္စည်းများကို တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| Lot No | DESCRIPTION OF EQUIPMENT | QTY |
|---|---|---|
| 1 | **Thermal Camera Solution**<br>(a) Thermal Camerahermal Camera : DH-TPC-BF3221P-TB7F8-HTM<br>(b) Power : PFM320D-EN<br>(c) Tripod : VCT-999/ Stand<br>(d) Connector : RAW021-00<br>(e) NVR : DHI-NVR5216-8P-I<br>(f) Software : DHI- DSSExpress<br>(g) Storage : 4TB HDD (2 months and above)<br>(h) Monitor : Monitor/ TV 32”<br>(i) UPS 650 VA<br>(j) Installation : Complete Installation and Configuration | 5 Sets |

၂။ တင်ဒါတင်သွင်းမည့်သူများသည် အောက်ဖော်ပြပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည် ဖြစ်ပါသည်-

(က) တင်ဒါအဆိုပြုလွှာများကို ဝန်ကြီးဌာန တင်ဒါကော်မတီဝင်များ ရှေ့မှောက်ရှိ တင်ဒါပုံးတွင် ထည့်သွင်းယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။

(ခ) တင်ဒါယှဉ်ပြိုင်သူများသည် ဝင်ရောက်ယှဉ်ပြိုင်မည့် တင်ဒါစပေါ်ငွေအား မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်) တွင် (P.O Cheque) ဖြင့် ပေးသွင်းရမည်ဖြစ်ပြီး တင်ဒါအောင်မြင်ခြင်းမရှိသော ကုမ္ပဏီ/ အရောင်းဆိုင်များ၏ တင်ဒါစပေါ်ငွေအား (၇) ရက် အတွင်း ပြန်လည်ထုတ်ပေးမည်ဖြစ်ပါသည်။

(ဂ) ဝန်ကြီးဌာန၊ တင်ဒါကော်မတီမှ ရွေးချယ်သူထံမှသာ သတ်မှတ်ချက်များနှင့်အညီ ဝယ်ယူမည်။

(ဃ) ဝန်ကြီးဌာန၊ တင်ဒါကော်မတီဝင်များရှေ့မှောက်တွင် တင်ဒါယှဉ်ပြိုင်မည့်ကုမ္ပဏီမှ Lot တစ်ခုတွင် တင်သွင်းမည့် Thermal Camera (၅) လုံး၏ အမျိုးအစားအလိုက် အသေးစိတ်ရှင်းလင်းတင်ပြရမည်ဖြစ်ပြီး တင်ဒါပွဲလာရောက်သူသည် လုပ်ငန်းရှင်ကိုယ်တိုင် (သို့မဟုတ်) ကုမ္ပဏီမှ တာဝန်ခံနိုင်သည့် အထွေထွေကိုယ်စားလှယ်လွှဲအပ်ခြင်း တရားဝင်စာ ပူးတွဲတင်ပြနိုင်မည့် ကိုယ်စားလှယ်ဖြစ်ရမည်။

(င) အဆိုပြုလွှာတွင် ဖော်ပြထားသော ဈေးနှုန်းတန်ဘိုးမှာ မြန်မာကျပ်ငွေဖြစ်ရမည်။

(စ) ပေးသွင်းမည့်လုပ်ငန်းတွင် အသုံးပြုမည့်ကုန်ပစ္စည်း၏ Specificationမှာ ဌာနမှ ရွေးချယ်သတ်မှတ်ထားသည့် ကုန်ပစ္စည်းအမှတ်တံဆိပ် အရည်အသွေးအတိုင်းနှင့် ထုတ်လုပ်သည့်နိုင်ငံ (C/O) အတိုင်းဖြစ်ရမည်။ ပေးသွင်းရမည့်ပစ္စည်းများအား ရုံးအမှတ်(၃)၊ နေပြည်တော်အရောက် ပို့ဆောင်ပေးရမည်။ ပစ္စည်းများ၏ Specification သည် ဌာနမှရွေးချယ်သတ်မှတ်ထားသည့် Specification အတိုင်းဖြစ်ရမည်။

(ဆ) ရွေးချယ်ခံရပါက လုပ်ငန်းရွေးချယ်ခြင်းအတွက် ပြည်တွင်းအခွန်များဦးစီးဌာနသို့ ပေးသွင်းရမည့် ပင်ရင်းမှဖြတ်တောက်ခွန် (၂%) ဖြတ်တောက်၍ ပြည်တွင်းအခွန်

များဦးစီးဌာနသို့ ပေးသွင်းရန်နှင့် ကုန်သွယ်လုပ်ငန်းခွန် (၅%) ပေးသွင်းရန် သဘောတူရမည်။

( ဖ ) တင်ဒါတင်သွင်းလိုသူများသည် တင်ဒါပုံစံများကို တစ်စောင်လျှင် ကျပ် ၅၀၀၀ိ/- နှုန်းဖြင့် ကုန်သွယ်ရေးဦးစီးဌာန ၊ သတင်းအချက်အလက်နည်းပညာဌာနခွဲတွင် ဝယ်ယူရမည်ဖြစ်ပါသည်။

( ဗ ) တင်ဒါပုံစံများတင်သွင်းရာတွင် Thermal Camera (၅) လုံး၏ သတ်မှတ်အရည်အသွေး ၊ စံချိန်စံညွှန်းနှင့် တန်ဘိုးတို့ကို ပြည့်စုံစွာရေးသား ဖော်ပြရမည်။

၃။ သို့ဖြစ်ပါ၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ Covid-19 အရေးပေါ်ရန်ပုံငွေဖြင့် Thermal Camera (၅) လုံးအား ဝန်ကြီးဌာန၊ တင်ဒါကော်မတီဖြင့် စိစစ်ဝယ်ယူသွားမည်ဖြစ်ပါ၍ တင်ဒါလာရောက်ယှဉ်ပြိုင်ပေးသွင်းပါရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| တင်ဒါပုံစံရောင်းချသည့်နေ့ | - | ( ၁၉- ၆ -၂၀၂၀ မှ ၂ - ၇ - ၂၀၂၀ ရက်နေ့ထိ) |
| တင်ဒါပုံစံရောင်းချမည့်နေရာ | - | သတင်းအချက်အလက်နည်းပညာဌာနခွဲ |
| ဈေးနှုန်းစိစစ်မည့်ရက် | - | (သီးခြားထပ်မံအကြောင်းကြားပါမည်) |
| ကျင်းပမည့်နေရာ | - | ရုံးအမှတ်(၃)၊တိုးချဲ့အစည်းအဝေးခန်းမ၊ စီးပွား/ကူးသန်း |
| ဆက်သွယ်ရန်ဖုန်း | - | ၀၆၇-၄၀၈၀၁၀ |

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
(မင်းအောင်အေး၊ ညွှန်ကြားရေးမှူး)

**ဖြန့်ဝေခြင်း ( ကြော်ငြာသင်ပုန်းတွင်ကပ်၍ ကြော်ငြာပေးပါရန် )**

ညွှန်ကြားရေးမှူး ၊ စီမံရေးရာဌာနခွဲ ၊ စားသုံးသူရေးရာဦးစီးဌာန

ညွှန်ကြားရေးမှူး၊ စီမံရေးရာဌာနခွဲ၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

ရုံးအမှတ် (၃) ၊ ရုံးအမှတ် (၅၂) ကြော်ငြာသင်ပုန်းများ ၊ ကုန်သွယ်ရေးဦးစီးဌာန

မိတ္တူကို

ဝန်ကြီးရုံး ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ဥက္ကဋ္ဌ ၊ တင်ဒါကော်မတီ ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ညွှန်ကြားရေးမှူးချုပ်ဦးစီးရုံး ၊ ကုန်သွယ်ရေးဦးစီးဌာန

ညွှန်ကြားရေးမှူး ၊ ငွေစာရင်းဌာနခွဲ ၊ ကုန်သွယ်ရေးဦးစီးဌာန

ခရိုင်အုပ်ချုပ်ရေးမှူးရုံး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဥတ္တရသီရိမြို့နယ်

မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဥတ္တရသီရိမြို့နယ်

လက်ခံစာတွဲ

မျှောစာတွဲ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## ကုန်သွယ်ရေးဦးစီးဌာန

## အိတ်ဖွင့်တင်ဒါတင်သွင်းသူများ လိုက်နာရမည့်စည်းကမ်းချက်များ

အိတ်ဖွင့်တင်ဒါတင်သွင်းသူများသည် အောက်ပါစည်းကမ်းချက်များကို သေချာစွာဖတ်ရှု၍ သိရှိနားလည်ပြီး လိုက်နာဆောင်ရွက်နိုင်မှသာ အဆိုပြုလွှာတင်သွင်းရမည်ဖြစ်သည်-

၁။ တင်ဒါတင်သွင်းသူသည် အမျိုးသားမှတ်ပုံတင်(သို့)နိုင်ငံသားစိစစ်ရေးကဒ်ပြားကိုင်ဆောင်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ပြီး၊ မြန်မာနိုင်ငံကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် တရားဝင် မှတ်ပုံတင်ထားပြီး သက်တမ်းရှိကုမ္ပဏီဖြစ်ရမည်။ ဝယ်ယူမည့်ပစ္စည်းအားလုံးသည် မြန်မာကျပ်ငွေဖြင့်သာ ဝယ်ယူမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းသူသည် တင်ဒါကော်မတီမှ သတ်မှတ်ထားသည့်(ရောင်းချပေးသည့်) ပုံစံဖြင့်သာ တင်ဒါတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းသူသည် အောက်ပါစာရွက်စာတမ်းအချက်အလက်များကို တင်ဒါပုံစံ ရောင်းချခြင်းပိတ်ရက်ဖြစ်သည့် (၂-၇-၂၀၂၀) ရက်နေ့ (၁၆:၀၀) နာရီ နောက်ဆုံးထား၍ ကုန်သွယ်ရေး ဦးစီးဌာနသို့ တင်ပြရမည်။

(က) နိုင်ငံသားစိစစ်ရေးကဒ် မိတ္တူ(၁)စောင်၊ Pass Post အရွယ်ဓါတ်ပုံ(၁)ပုံနှင့် တင်ဒါ တင်သွင်းလွှာ။

(ခ) ကုမ္ပဏီ profile၊ နိုင်ငံတော်အခွန် ထမ်းဆောင်ပြီးကြောင်း အထောက်အထား၊ သက်တမ်းရှိ ကုမ္ပဏီမှတ်ပုံတင်မိတ္တူ။

(ဂ) တင်သွင်းမည့်ပစ္စည်းများ၏ C/O, Model, Brand, Technical Specification စသည့် အသေးစိတ်ဖော်ပြချက်။

(ဃ) တင်သွင်းမည့်ပစ္စည်းများ၏ များအတွက် Technical support ပေးမည့်အစီအစဉ်။

(င) မြန်မာ့စီးပွားရေးဘဏ်မှ Lot အလိုက် တင်ဒါအာမခံကြေး (P.O Cheque)။

(စ) Thermal Camera (၅)စုံ ပစ္စည်းများ အတွက် မူရင်းထုတ်လုပ်သည့်ကုမ္ပဏီ၏ အထောက် အထား။

၄။ တင်ဒါတင်သွင်းသည့်ဈေးနှုန်းသည် ရုံးအမှတ်(၃) နေပြည်တော်သို့ အရောက်ဝန်ဆောင်မှု ပေးရမည့် ဈေးနှုန်းဖြစ်ရမည်။(တပ်ဆင်ခအပါအဝင်)

၅။ တင်ဒါအောင်မြင်သူသည် With Holding Tax (၂%) ပေးဆောင်ရမည့်အပြင် လုပ်ငန်းစာချုပ် ချုပ်ဆိုရာတွင် တံဆိပ်ခေါင်းခွန်(၁%) နှင့် ကုန်သွယ်လုပ်ငန်းခွန် (၅%) ကိုလည်း တင်ဒါ အောင်မြင်သူမှ ကျခံရမည်။

၆။ တင်ဒါအောင်မြင်သည့် တင်ဒါရှင်များသည် တင်ဒါအောင်မြင်ကြောင်း အကြောင်းကြားပြီး ရက်(၃၀)အတွင်း ကုန်သွယ်ရေးဦးစီးဌာနနှင့်စာချုပ်ချုပ်ဆိုရမည်ဖြစ်ပြီး သတ်မှတ်ရက်အတွင်း ဆောင်ရွက်ရန် စာချုပ်ချုပ်ဆိုခြင်းမရှိပါက တင်ဒါအား ရုပ်သိမ်းမည်ဖြစ်ပြီး ဌာနတွင် ပေးသွင်းထားသော လက်ခံစပေါ်ငွေ သိမ်းဆည်းခြင်းခံရမည့်အပြင် အမည်ပျက်စာရင်း ကြော်ငြာခြင်းခံရမည်ဖြစ်ပါသည်။

၇။ တင်ဒါကော်မတီ၏ ဆုံးဖြတ်ချက်ရရှိမှသာ တင်ဒါအောင်မြင်မှု /မအောင်မြင်မှုကို ကြော်ငြာမည် ဖြစ်ပြီး၊ ဌာနတွင်ပေးသွင်းထားသော တင်ဒါအောင်မြင်သူ၏ စပေါ်ငွေများကို Performance Guarantee ပေးသွင်းပြီး မှ သာ ပြန်လည်ထုတ်ပေးမည်ဖြစ်ပါသည်။

၈။ ဝန်ကြီးဌာနစီမံခန့်ခွဲရေးကော်မတီ၏ ခွင့်ပြုချက်ရရှိမှသာ တင်ဒါအောင်မြင်သူအား အတည်ပြု ရွေးချယ်သတ်မှတ်သွားမည်ဖြစ်ပါသည်။

၉။ တင်ဒါအောင်မြင်သူများသည် လုပ်ငန်းစာချုပ် ချုပ်ဆိုပြီးသည့်နေ့မှစ၍ (၂) ပတ်အတွင်း Performance Guarantee ပေးသွင်းရမည်။

၁၀။ တင်ဒါပွဲသို့ လာရောက်ယှဉ်ပြိုင် တင်သွင်းသည့် ကုန်ပစ္စည်းဈေးနှုန်းအပေါ် ကုမ္ပဏီများမှ အဆုံးအဖြတ်ပေးနိုင်မည့် ပုဂ္ဂိုလ်သာလျှင် လာရောက်ယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။ အဆိုပါ ပုဂ္ဂိုလ်မှ အကြောင်းအမျိုးမျိုးကြောင့် တင်ဒါပွဲသို့ တက်ရောက်နိုင်ခြင်းမရှိပါက ကုမ္ပဏီ၏ Letter Head ဖြင့် တရားဝင်ကိုယ်စားလှယ်လွှဲအပ်ထားသော ကိုယ်စားလှယ်လွှဲစာ (SP) ပူးတွဲ တင်ပြရမည် ဖြစ်ပါသည်။ အဆိုပါကိုယ်စားလှယ်လွှဲစာ(SP) တင်ပြနိုင်ခြင်းမရှိပါက တင်ဒါပွဲသို့ တက်ရောက်ခွင့်ပြု မည်မဟုတ်ပါ။

၁၁။ အိတ်ဖွင့်တင်ဒါအောင်မြင်သူမရှိပါက တင်ဒါပြန်လည်ခေါ်ယူမည်ဖြစ်သည်။

၁၂။ အိတ်ဖွင့်တင်ဒါဝင်ရောက်ယှဉ်ပြိုင်ခြင်းမရှိဘဲ သီးခြားလျှောက်ထားလာသည့် လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၃။ တင်ဒါတင်သွင်းသူမှအပ အခြားမည်သူတစ်ဦးတစ်ယောက်မျှ ကိုယ်စားပြု၍ တင်ဒါပုံးအတွင်း သို့ အဆိုပြုလွှာထည့်ခြင်း ၊ တင်ဒါပွဲတက်ရောက်ခြင်းကို (လုံးဝ)လုံးဝ ခွင့်မပြုပါ။

၁၄။ အိတ်ဖွင့်တင်ဒါတင်သွင်းသူများမှ တင်ဒါတင်သွင်းပုံစံအား တင်ဒါစည်းကမ်းချက်များတွင်ပါရှိသော အချက်အလက်များ ပြည့်စုံစွာဖော်ပြခြင်းမရှိဘဲ မပြည့်စုံခဲ့ပါလျှင် တင်ဒါစိစစ်ရွေးချယ်မှုတွင် ထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်း သိရှိနားလည်ရမည်။

၁၅။ တင်ဒါကော်မတီသည် ရရှိသောတင်ဒါတစ်ခုကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ၊ အကြောင်းတစ်စုံတစ်ရာ ဖော်ပြခြင်းမပြုပဲ ပယ်ဖျက်ပိုင်ခွင့်ရှိကြောင်းကို သိရှိလိုက်နာရမည်။

၁၆။ အိတ်ဖွင့်တင်ဒါတင်သွင်းရာတွင် ဌာနမှသတ်မှတ်ထားသောပုံစံဖြင့် ရေးသွင်းရမည်ဖြစ်ပြီး အိတ်ဖွင့် တင်ဒါပုံစံတစ်စောင်လျှင် ငွေကျပ် ၅၀၀၀/-(ကျပ်ငါးထောင်တိတိ) ဖြစ်ပါသည်။

၁၇။ အိတ်ဖွင့်တင်ဒါဝင်ရောက်ယှဉ်ပြိုင်သည့် ပုဂ္ဂိုလ်အဖွဲ့အစည်းများသည် တင်ဒါကော်မတီမှ ထုတ်ပြန်ထားသည့် စည်းကမ်းချက်များကို သိရှိနားလည်ပြီးဖြစ်သည်ဟု ယူဆမည်ဖြစ်သည်။

၁၈။ တင်ဒါကော်မတီမှ ထုတ်ပြန်ထားသည့် စည်းကမ်းချက်များကို လိုက်နာမှုမရှိလျှင်သော်လည်းကောင်း၊ ဌာနအား မထီမဲ့မြင်ပြုလုပ်ပါကလည်းကောင်း၊ အိတ်ဖွင့်တင်ဒါတင်သွင်းခြင်းမှ ပယ်ဖျက်ပြီး အာမခံစပေါ်ငွေကို သိမ်းဆည်းခြင်းခံရမည်ဖြစ်ပါသည်။

**တင်ဒါကော်မတီ**

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

တင်ဒါပုံစံ

သို့

**တင်ဒါကော်မတီ**

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**ရုံးအမှတ်(၃)၊ နေပြည်တော်**

ရက်စွဲ ။ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ရက်

အကြောင်းအရာ။ **အိတ်ဖွင့်တင်ဒါတင်သွင်းခြင်း**

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအတွက် အသုံးပြုရန်လိုအပ်သော Thermal Camera အား အောက်ဖော်ပြပါနှုန်းထားများဖြင့် ဝယ်ယူအသုံးပြုနိုင်ရန် အိတ်ဖွင့်တင်ဒါ တင်သွင်းအပ်ပါသည်-

| **စဉ်** | **အမျိုးအမည်** | **အရေအတွက်** | **နှုန်း** | **သင့်ငွေ (ကျပ်ကိန်းပြည့်)** |
|---|---|---|---|---|
| **1.** | **Thermal Camera Solution** | | | |
| | Thermal Camera | 5 Sets | ------- | --------------- |

**စုစုပေါင်းတန်ဖိုး(ဂဏန်းဖြင့်)** ------ ----------------

**( စာဖြင့် )** ------------------------------------

**(မှတ်ချက် ။ ဖျက်ရာ/ပြင်ရာ/မပီမသ ရေးသားမှုများမဖြစ်စေရ)**

၂။ (အိတ်ဖွင့်) တင်ဒါစနစ်ဖြင့် ဝယ်ယူရန် သတ်မှတ်ထားသည့် တင်ဒါစည်းကမ်းချက်များကို ဖတ်ရှုသိရှိပြီးဖြစ်ပါ၍ တင်ဒါကော်မတီ၏ ဆုံးဖြတ်ချက်ကို လိုက်နာမည်ဖြစ်ပါကြောင်း ဝန်ခံကတိပြု လက်မှတ်ရေးထိုးပါသည်။

လက်မှတ် ၊-----------------------------

အမည် ၊-----------------------------

မှတ်ပုံတင်အမှတ် ၊-----------------------------

ကုမ္ပဏီ/အရောင်းဆိုင် ၊-----------------------------

နေရပ်လိပ်စာ ၊-----------------------------

တယ်လီဖုန်းအမှတ် ၊-----------------------------